အီးပက် အင်တာနက်နှင့် နည်းပညာ အချက်အလက်စာရွက်။

# ဟက်ချ်ဆိုတာ ဘာလဲ၊ ဓာတ်ပုံဒီအန်အေဆိုတာ ဘာလဲ။

## ပြီးတော့ ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုမူရာတွင် အသုံးပြုသည့်ပစ္စည်းတွေပေါ် ၄င်းတို့ရဲ့ အသုံးချနိုင်မှု။

### အချက်အလက်များ

ပုံရိပ်တိုင်းမှာ ထူးခြားတဲ့ လက်ဗွေရာရှိပါတယ်။ ဓာတ်ပုံဒီအန်အေလို နည်းပညာမျိုး ထက်မြက်တဲ့ သင်္ချာပညာကို သုံးပြီး ဒီလက်ဗွေရာကို ဟက်ချ်လို့ ယေဘုယျညွှန်းတဲ့ ထူးခြားတဲ့ ဂဏန်းသင်္ကေတတွေ အဖြစ် ဖော်ပြနိုင်တယ်။

ဓာတ်ပုံဒီအန်အေဟာ မိုက်ခရိုဆော့ဖ်က စတင်ဖန်တီးလိုက်တဲ့ နည်းပညာဖြစ်ပါတယ်။ ဂူဂယ်က ဗီဒီယိုတွေအပေါ်မှာ တူညီတဲ့အလုပ်မျိုးလုပ်နိုင်တဲ့ ကိရိယာကို စမ်းသပ်နေဆဲဖြစ်ပြီး၊ ဖရန့်အမ်တီအက် ကတော့ ဒီလိုဆော့ဖ်ဝဲမျိုးကို ဖန်တီးထားပြီး ဖြစ်ပါတယ်။

ပုံတွေအားလုံးကို လူက ကြည့်နေစရာမလိုဘဲ သိပြီးသားပုံရိပ်တွေရဲ့ မိတ္တူတွေကို အထောက်အထားရယူနိုင်ဖို့ ဓာတ်ပုံဒီအန်အေကို သုံးပါတယ်။

ဒီနည်းပညာကို ဥပဒေလိုက်နာရေးကြီးကြပ်မှုအဖွဲ့နဲ့ ဂူဂယ်၊ တွစ်တာနဲ့ ဖေ့ဘွတ်ခ်လို ကုမ္ပဏီ အဖွဲ့အစည်းတွေက အသုံးပြုတယ်။

### ဒါက ဘယ်လိုအလုပ်လုပ်သလဲ။



**1**

တနိုင်ငံလုံးဆိုင်ရာ ပျောက်ဆုံးကလေးငယ်များ၊ အသုံးချခံ ကလေးငယ်များနှင့် ဥပဒေလိုက်နာရေးကြီးကြပ်မှုဌာနကဲ့သို့သော ယုံကြည်ရတဲ့ ရင်းမြစ်များမှ ကလေးလိင်မှုအလွဲသုံးပစ္စည်းဟု သတ်မှတ်ထားသော ပုံရိပ်များဖြင့် ဓာတ်ပုံဒီအန်အေကို စတင်ပါတယ်။




**2**

ဓာတ်ပုံဒီအန်အေဟာ ပုံရိပ်တွေကို အဖြူအမည်းပုံစံ နဲ့ တူညီတဲ့ အရွယ်အစားတွေ အဖြစ် ကူပြောင်းလိုက်တယ်။ ပြီးနောက် ပုံရိပ်ကို လေးထောင့်ကွက်ကလေးတွေအဖြစ် ပိုင်းခြားလိုက်ပြီး အကွက်တခုခြင်းဆီမှာ တွေ့ရတဲ့ ထူးခြားတဲ့အရိပ်ကို ကိုယ်စားပြုတဲ့ ဂဏန်းတန်ဖိုးတွေအဖြစ် သတ်မှတ်ပေးတယ်။ ဒီဂဏန်းတန်ဖိုးတွေ အတူစုပေါင်းပြီး ဒီပုံရိပ်အတွက် ဟက်ချ် ကို ဖွဲ့စည်းလိုက်တယ်။




**3**

ပုံတူပွားတွေအဖြစ် သတ်မှတ်နိုင်ဖို့ သိထားပြီးသားပုံရိပ်တွေရဲ့ ဟက်ချ်တန်ဖိုးကို တခြားပုံရိပ်တွေနဲ့ နှိုင်းယှဉ်နိုင်တယ်။ ဒီဖြစ်စဉ်ကို ယှဉ်တွဲခြင်းဖြစ်စဉ်လို့ ခေါ်ပြီး၊ ၁) အွန်လိုင်းပေါ် က ဘေးဖြစ်စေမဲ့ပါဝင်မှုတွေကို သတ်မှတ်ပြီး အချက်ပြနိုင်ဖို့နဲ့ ၂) ပုံရိပ်စုပေါင်းထားမှုတွေထဲက သိပြီးသားပစ္စည်းတွေကို စစ်ထုတ်လိုက်ဖို့အတွက် အသုံးပြုနိုင်ပါတယ်။



**4**

ဟက်ချ်တွေဟာ ထူးခြားတဲ့ဂဏန်းဆိုင်ရာအထောက်အထားရှာဖွေမှု သို့မဟုတ် ပုံရိပ်တခုခြင်းဆီအတွက် အမှတ်လက္ခဏာအဖြစ် ကိုယ်စားပြုပါတယ်။ ပုံရိပ်ကို ပြုပြင်ပြောင်းထားရင်တောင်မှ (ဥပမာ ပုံရိပ်ကို အရွယ်အစား သို့မဟုတ် အရောင်ကို ပြောင်းထားတာ) ဒီပုံရိပ်အတွက် ဟက်ချ်သင်္ကေတကတော့ တူညီနေတုန်းပါပဲ။

### မှတ်စု

ဒီနည်းပညာဟာ ပုံရိပ်ထဲက လူ သို့မဟုတ် အရာဝတ္ထုကို သတ်မှတ်ဖို့ သုံးလို့မရသလို ပုံရိပ်ကို ပြန်လည်ဖွဲ့စည်းဖို့နဲ့ တည်ဆောက်ထားတာကို ပြန်ပြောင်းလဲဖို့အတွက်လည်း သုံးလို့မရပါဘူး။

မိုက်ခရိုဆော့ဖ်မှ ပြန်လည်ရယူထားသော သတင်းအချက်အလက်




## ဓာတ်ပုံဒီအန်အေကို ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုမူရာတွင် အသုံးပြုသည့်ပစ္စည်းတွေမှာ အသုံးချမယ်။

### ဥပဒေလိုက်နာရေးကြီးကြပ်မှု

ဗစ် စီမံကိန်းဟာ ဥပဒေလိုက်နာရေးကြီးကြပ်မှုအဖွဲ့က အသုံးပြုပြီး၊ ပျောက်ဆုံးကလေးငယ်များ၊ အသုံးချခံကလေးငယ်များ နိုင်ငံတကာဌာနမှ ထောက်ပံ့မှုပေးထားတဲ့ ပုံရိပ် (သို့မဟုတ် ဗီဒီယို) ဟက်ချ်ဝေမျှခြင်း အစပြုမှု ဖြစ်တယ်။ သိထားပြီးသား ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုမူရာတွင် အသုံးပြုသည့် ပစ္စည်းတွေရဲ့ သန်းနဲ့ချီရှိနေတဲ့ ဟက်ချ်တွေရဲ့ အချက်အလက်တွေကို အသုံးပြုပြီး ဗစ်စီမံကိန်းဟာ မသိရသေးတဲ့ ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုမူရာတွင် အသုံးပြုသည့်ပစ္စည်းများမှ သိပြီးသားပုံရိပ်တွေကို ခွဲခြားပေးနိုင်ဖို့ ဥပဒေလိုက်နာရေးကြီးကြပ်မှု အဖွဲ့ကို ကူညီပေးတယ်။ ဒါဟာ သိပြီးသား ပုံတွေရဲ့ မိတ္တူပွားတွေကို တဖန်စစ်ဆေးနေရခြင်းကို ကာကွယ်ပေးသလို ထောက်လှမ်းသူတွေကို ပုံရိပ်အသစ်တွေနဲ့ ပတ်သက်နိုင်ခြေရှိတဲ့ ကလေးငယ်တွေကို အထောက်အထားယူဖို့အတွက် အာရုံစိုက်နိုင်စေဖို့ ကူညီပေးတယ်။ ဒါကြောင့် ဗစ်စီမံကိန်းဟာ စုံစမ်းထောက်လှမ်းရေး လုပ်ငန်းစီးဆင်းမှုတွေမှာ အဆင်ချောဖို့ ကူညီပေးပါတယ်။ လိင်မှုဆိုင်ရာမလျော်မကန်ပြုသူတွေဆီက ရယူထားတဲ့ အချက်အလက်ပမာဏ တိုးလာတာကိုကြည့်ရင် ဒါဟာ အရေးကြီးပါတယ်။

### အင်တာနက်ဝန်ဆောင်မှုပေးသူများ

ဒီဟက်ချ်အစုံလိုက်တွေကို အင်တာနက်ဝန်ဆောင်မှုပေးသူတွေနဲ့ လူမှုကွန်ယက်ဝက်ဘ်ဆိုက်တွေနဲ့အတူ ဝေမျှပါတယ်။ သူတို့ရဲ့ နေရာတွေမှာ ဝေမျှထားတဲ့ ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုမူရာတွင် အသုံးပြုသည့် ပစ္စည်းတွေကို စစ်ဆေးတွေ့ရှိနိုင်ဖို့ ဟက်ချ် နည်းပညာက ကူညီပေးနိုင်ပါတယ်။ ဒါဟာ ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုမူရာတွင် အသုံးပြုသည့် ပစ္စည်းတွေအဖြစ် အထောက်အထားခိုင်လုံစေခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် တားမြစ်ပိတ်ဆို့ခြင်းနဲ့ မှတ်တမ်းတင်ခြင်းတွေကို လွယ်ကူသွားအောင် ထောက်ပံ့ပေးတယ်။

ဒီအချက်အလက်စာရွက်ဟာ အီးပက်နိုင်ငံတကာ အဖွဲ့အစည်းမှ ဖန်တီးထားပါတယ်။ ဘာသာပြန်ခြင်းနှင့် ထုတ်ဝေခြင်းအတွက် ယူနီစက်ဖ်မှ ပံ့ပိုးကူညီပါတယ်။

ecpat

unicef
unite for children